# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 12 , 2024 Volume 74, Number 8

၁၂.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၄၂၀၀၀ |
| ဒေါ်လာဈေး | = ၃၄၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက် အမှာစကားပြောကြား



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ တတိယသုံးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့၊ (၀၈:၃၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ တတိယသုံးလပတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက် ၃ ရပ်နှင့်အညီ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ပို့ကုန်တိုးမြှင့်တင်ပို့ရေး၊ ကုန်သွယ်မှုပမာဏ လျာထားချက်များပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရေး၊ မြန်မာ့ထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စွာ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးရေး၊ ကုန်သွယ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးလာစေရေးအတွက် ပူးပေါင်း

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဆောင်ရွက်ရာတွင် အာဆီယံနှင့်ဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ် ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် ဝန်ကြီးဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မား တိုးတက်လာစေရေးတို့အတွက်ဆောင်ရွက်သွားရေး၊ အားနည်းချက်များကို ပြင်ဆင်ဖြည့်ဆည်း၍ အားသာချက် များကို အသုံးပြု ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝန်ကြီးဌာန၏ဖွဲ့စည်းပုံ၊ ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးမှု အခြေအနေများ၊ ဌာနတစ်ခုချင်းစီ၏ လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်သင့်သည့်အချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် ပြုန်းတီးမှုမရှိစေရေးနှင့် အနာဂတ်အစီအမံများအား ချမှတ်ဆောင်ရွက်သွားရန်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခြေခံစည်းမျဉ်းများကို ဌာနအတွင်းရှိ အရာထမ်း၊ အမှုထမ်းများအား အခြေခံအဆင့်ဖြင့် တတ်မြောက်စေရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်နှင့် မိမိဝန်ကြီးဌာနမှ ချမှတ်သည့်မူဝါဒများအား အဆိုပါအခြေခံစည်းမျဉ်းများနှင့် ကိုက်ညီမှုရှိအောင် လိုက်နာဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က လိုအပ်သည်များအား ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ပါသည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်ဦးစီးဌာနများမှ အရာထမ်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ ၁၅၀ ဦး၊ Virtual စနစ်ဖြင့် ၃၆ ဦး၊ စုစုပေါင်း ၁၈၆ ဦးတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%80%

## ၄ လ အတွင်း ပြောင်းတန်ချိန် ၇ သိန်းဝန်းကျင် တင်ပို့နိုင်ရန် ရည်မှန်းထား




မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းအနေဖြင့် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ပြည်ပနိုင်ငံများသို့ မြန်မာ့ပြောင်းတန်ချိန် ၇ သိန်းဝန်းကျင်အထိတင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ လက်ရှိမှာလည်း တင်ပို့ခွင့်အတွက် ထိုင်း၊ တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီ ၇ ခုနှင့် MoU လက်မှတ်ရေးထိုးထားပြီး ဖြစ်တယ်လို့လည်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။

ထိုင်းနိုင်ငံမှ မြန်မာ့ဒေသထွက်ပြောင်းကို နှစ်စဉ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ပြုနေတာကြောင့် လာမည့် ဖေဖော်ဝါရီလမှစတင်၍ တန်ချိန်အမြောက်အမြားတင်ပို့နိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း သိရပါတယ်။

"ထိုင်းနိုင်ငံကို အခွန်ကင်းလွတ်ခွင့်နဲ့တင်ပို့ခွင့်က ဖေဖော်ဝါရီလမှာစတင်မှာဖြစ်ပါတယ်။ အခုနှစ်ကို တန်ချိန်များများ တင်ပို့နိုင်အောင် စီစဉ်နေပါတယ်။ အသင်းအနေနဲ့ မြန်မာ့ ပြောင်းကို ပြည်ပနိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်ပဈေးကွက်များမှ ကုန်သည်ဝယ်လက်အသစ်များနဲ့ ချိတ်ဆက်နိုင်ဖို့ကိုလည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်"လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ်အတွင်းကလည်း အခွန်ကင်းလွတ်ခွင့်ဖြင့် ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်းတင်ပို့မှုဟာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၇ သိန်းကျော်နှင့် နယ်စပ်ကုန်သွယ်ရေးမှ တန်ချိန် ၁ ဒသမ ၂ သန်း ကျော်တို့ကို တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**Source: Myanmar Future News**

Source: https://t.me/htwettoe

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှစ်လအတွင်း စားအုန်းဆီတန်ချိန် ၄,၀၀,၆၁၆ တန် တင်သွင်းထားပြီး ယခင်နှစ်ကာလတူထက် ၂၂ ရာခိုင်နှုန်း ပိုမိုတင်သွင်းထား

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၈ လအတွင်း စားအုန်းဆီတန်ချိန် ၄,၀၀,၆၁၆ တန် တင်သွင်းထားပြီး ယခင်နှစ်ကာလတူထက် ၂၂ ရာခိုင်နှုန်း ပိုမိုတင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကိုးကားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ စားအုန်းဆီတန်ချိန် ၄,၀၀,၆၁၆ တန် တင်သွင်းမှုမှတန်ဖိုး ဒေါ်လာ ၃၉၃ ဒသမ ၀၆ သန်းရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ စားအုန်းဆီတန်ချိန် ၃,၂၇,၆၇၃ တန်တင်သွင်းမှုမှ တန်ဖိုးဒေါ်လာ ၄၃၀ ဒသမ ၆၉ သန်းရှိသည်။ အဆိုပါကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ၈လအတွင်းမှာ ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် ၂၂ ရာခိုင်နှုန်း ပိုမိုတင်သွင်းထားသည်။

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုအရ ယခုတစ်ပတ်အတွင်း ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၄၉၅၅ သတ်မှတ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၄၉၅၅ ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလူတန်းစားများ စားသုံးဆီဖူလုံစေရေးနှင့်ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ကုန်သည်ကြီးများအသင်းနှင့် ဆီလုပ်ငန်းရှင်များပူးပေါင်းပြီး သတ်မှတ်ရက်အလိုက် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများတွင် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

စားအုန်းဆီလက်ကျန်များကို ဈေးကွက်အတွင်း လက်ကားရည်ညွှန်းဈေးအပေါ်တွင် အထွေထွေကုန်ကျစရိတ်များနှင့် အသားတင်အမြတ် နှစ်ရာခိုင်နှုန်းထက်မပိုသောဈေးဖြင့်ရောင်းချနိုင်ရေး၊ အဆင့်ဆင့်လက်လွှဲရောင်းချသည့်တိုင်အောင် အသားတင်အမြတ် ၁၀ ရာခိုင်နှုန်းထက် မပိုသော ဈေးနှုန်းဖြင့်သာ ရောင်းချရန် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက အသိပေးထားသည်။

မြန်မာနိုင်ငံတွင် စားသုံးဆီသုံးစွဲမှုအနေဖြင့် တစ်နှစ်လျှင် တန်ချိန် ၁၂ သိန်းခန့်ရှိပြီး၊ ပြည်တွင်း၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ မုန်ညင်း၊ ပန်းနှမ်းစသည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော်လည်း ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမှာ တန်ချိန် သုံးသိန်းခန့်သာ ထုတ်လုပ်နိုင်သဖြင့် နှစ်စဉ်ပြည်ပမှ တန်ချိန် ကိုးသိန်းခန့် တင်သွင်းနေရကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ **Source:** https://news-eleven.com/article/286879

## ကချင်ပြည်နယ်မှတရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့မှု ပြန်လည်မြင့်တက်လာ

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိရာ အခုနောက်ပိုင်းတွင် တင်ပို့မှုအရေအတွက် ပိုများလာတယ်လို့ သိရပါတယ်။

ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ယာဉ်အစီးရေဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ပထမပတ်ကထက် လက်ရှိအချိန်မှာ နှစ်ဆနီးပါးတိုးလာကြောင်း ကချင်ပြည်နယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင် အချို့ထံမှ သိရပါတယ်။

ကချင်ပြည်နယ်မှ ထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နေခြင်းဖြစ်ပြီး တရုတ်တစ်နိုင်ငံလုံးသို့ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။ အခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်းမှာလည်း ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျောတင်ပို့မှုအနေဖြင့် ဈေးနှုန်း တစ်တန်လျှင် (၂၅၃၀) ယွမ်/(၃၄၅) ဒေါ်လာဖြင့် တန်ချိန် (၂၁,၄၅၀) တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ကချင်ပြည်နယ်အတွင်းမှာ တစ်သျှူးငှက်ပျောစိုက်ကေ ခြောက်သောင်းကျော်ရှိပြီး ငှက်ပျောစိုက်ပျိုးတင်ပို့သည့်ကုမ္ပဏီ စုစုပေါင်း ၂၀ ကျော်ရှိကြောင်း သိရပါတယ်။ ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကိုလည်း တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရပါတယ်။

**Opinion Leaders မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## မွန်ပြည်နယ်ထွက် ကွမ်းသီးများ ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယတို့အပြင် တရုတ်သို့ပါတင်ပို့နိုင်ရန် ကြိုးစားနေ



မွန်ပြည်နယ်မှ စိုက်ပျိုးထွက်ရှိသည့် ကွမ်းသီးများကို တရုတ်နှင့်အိန္ဒိယ ဈေးကွက်သို့ တင်ပို့နိုင်ရန်တင်ပြထားကြောင်း မွန်ပြည်နယ် ကွမ်းသီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ပြောပြချက်အရ သိရသည်။

"အခုလောလောဆယ်တော့ တင်ပြထားတဲ့ အဆင့်မှာပဲရှိသေးတယ်"ဟု အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မွန်ပြည်နယ်အတွင်း ကွမ်းသီးခြံ ဧက ၅၀,၀၀၀ ကျော်အထိ စိုက်ပျိုးထားရှိပြီး တန်ချိန် ၉၀,၀၀၀ ကျော် ထွက်ရှိကြောင်းသိရသည်။ ကွမ်းသီးကို တစ်ကြိမ်ရင်းနှီး စိုက်ပျိုးခြင်းဖြင့် နှစ်(၃၀)ကျော် အထိ ဝင်ငွေရရှိနိုင်ကြောင်းလည်း သိရသည်။ "သူက ပို့ကုန်အလားအလာရှိတဲ့ သီးနှံဖြစ်တဲ့ အတွက် ပြည်ပကိုတင်ပို့ချင်တာပေါ့။ ပို့ခွင့်ရခဲ့မယ်ဆိုရင် စိုက်တဲ့သူတွေအတွက်လည်း အဆင်ပြေတာပေါ့"ဟု တာဝန်ရှိသူက ဆက်ပြောသည်။

ကွမ်းသီးကို နေရာဒေသမရွေး စိုက်ပျိုးနိုင်ပြီး အခြားသီးနှံများနှင့် တွဲဖက်စိုက်ပျိုးပါကလည်း ဝင်ငွေတိုးနိုင်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ်သည် မြန်မာ့ကွမ်းသီးစိုက်ပျိုးမှုတွင် ထွက်ရှိမှုအများဆုံး ပြည်နယ်တစ်ခုဖြစ်သည်။ ပြည်နယ်အတွင်းရှိ မြို့နယ် (၁၀)မြို့နယ်တွင် ကွမ်းသီးစိုက်ပျိုးထားရှိပြီး ရေးမြို့နယ်၌ အများဆုံးစိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

ကွမ်းသီးကို ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်၊ ရခိုင်ပြည်နယ်တို့တွင်စိုက်ပျိုးပြီး အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကို အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ကွမ်းသီးတန်ချိန် ၂၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

**Source:** https://www.popularmyanmar.com/?p=144940

## အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ရာတွင် ကုန်သွယ်မှုလိုငွေပြနေသော အိန္ဒိယ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (ဧပြီမှ အောက်တိုဘာလ) အတွင်း အိန္ဒိယသည် အဓိကကုန်သွယ်ဖက်နိုင်ငံ (၉) နိုင်ငံနှင့် ကုန်သွယ်ရာတွင် အမေရိကန်နိုင်ငံမှလွဲ၍ ကျန်နိုင်ငံများတွင် ကုန်သွယ်မှုလိုငွေများ ပြခဲ့သည်။

အိန္ဒိယသည် အကြီးဆုံးကုန်သွယ်ဖက် အမေရိကန်နှင့် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅၉ ဘီလီယံ ကုန်သွယ်မှုပိုငွေပြခဲ့သော်လည်း ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သည့် တရုတ်နှင့်ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၁၁ ဘီလီယံကိုလည်းကောင်း၊ တတိယအကြီးဆုံး ကုန်သွယ်ဖက် ယူအေအီးနှင့်ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ် လာ ၆ ဒသမ ၈၃ ဘီလီယံကိုလည်းကောင်း၊ စတုတ္ထအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် ရုရှားနှင့်ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၆ ဘီလီယံကိုလည်းကောင်း အသီးသီးရှိခဲ့သည်။

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ အရာထမ်းတစ်ဦး၏အဆိုအရ ဟောင်ကောင်နှင့် ကုန်သွယ်မှုတွင်လိုငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၉ ဘီလီယံ၊ ဆော်ဒီအာရေဗျနှင့် ကုန်သွယ်မှုတွင်လိုငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၄ ဘီလီယံ၊ အင်ဒိုနီးရှားနှင့်ကုန်သွယ်မှုတွင် လိုငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၂ ဘီလီယံ၊ အီရတ်နှင့် ကုန်သွယ်မှုတွင်လိုငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂၄ ဘီလီယံ၊ စင်ကာပူနှင့်ကုန်သွယ်မှုတွင်လိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁ ဘီလီယံ၊ တောင်ကိုရီးယားနှင့်ကုန်သွယ်မှုတွင်လိုငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၈ ဘီလီယံ အသီးသီး ရှိခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယပို့ကုန်အသင်းချုပ်၏ အကြီးအကဲဖြစ်သူ Ajay Sahai က ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးဘက်စုံကျဆင်းနေမှုများကြောင့် အိန္ဒိယပို့ကုန်နှင့်ကုန်သွယ်မှုအပေါ် အကျိုးသက်ရောက်မှုများရှိခဲ့ကြောင်း၊ အစိုးရအနေဖြင့် ၃ နှစ်အတွင်း အမေရိကန်၊ ဗြိတိန်အပါအဝင် အဓိကကုန်သွယ်ဘက် (၁၀) နိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၂ ဘီလီယံ ပိုမိုတင်ပို့နိုင်ရေး မော်တော်ကား၊ လက်ဝတ်ရတနာ၊ လျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်အစိတ်အပိုင်း၊ ရေထွက်ကုန်၊ အဝတ်အထည်များ၊ ပိုးသတ်ဆေးများ၊ သံနှင့်သံမဏိများကို တိုးမြှင့်တင်ပို့နိုင်ရန် ဈေးကွက်မြှင့်တင်ရေးဗျူဟာများ ရေးဆွဲထားရန် အကြံပြုထားကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှု၊ အတိုးနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားမှုတို့ကြောင့် အိန္ဒိယပို့ကုန်ကိုထိခိုက်ခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာ ကျွမ်းကျင်သူများက လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များကလည်း အိန္ဒိယပို့ကုန်ကို တိုးမြှင့်နိုင်စွမ်းမရှိကြောင်း သုံးသပ်ခဲ့ကြသည်။

**Source : https://economictimes.indiatimes.com**

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%A1%E1%80%

## တရုတ်နိုင်ငံ၏ ရှောင်မီ(XIAOMI)ကုမ္ပဏီမှ ပထမဆုံးလျှပ်စစ်မော်တော်ကား ထုတ်လုပ်တော့မည်

စမတ်ဖုန်းအပါအဝင် လူသုံးကုန်လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် တရုတ်နိုင်ငံ၏ ရှောင်မီကုမ္ပဏီသည် လျှပ်စစ်မော်တော်ကားဈေးကွက်သို့ဝင်ရောက်ပြီး မော်တော်ကားကုမ္ပဏီကြီးများဖြစ်သည့် တက်စ်လာ (Tesla)၊ ပေါ်ရှေး (Porsche) တို့နှင့် ယှဉ်ပြိုင်နိုင်ရန် ယွမ် ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံကာ ကားမော်ဒယ်တစ်ခုထုတ်လုပ်နေကြောင်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင်းက ထုတ်ပြန်ကြေညာခဲ့သည်။

ရှောင်မီ၏ စီအီးအို Lei Jun က ဆူချီ (Xiaomi SU7-Sue Qi)ဟု အမည်ပေးထားသည့် လျှပ်စစ်ကားကို ပေါ်ရှေး၏ တေးကန်(Taycan)နှင့် တက်စ်လာ၏ မော်ဒယ်အက်စ်(Model S)ကားများနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်၌ မကြာခင်ဖြန့်ချိမည်ဖြစ်ကြောင်း၊ တန်ဖိုး မသတ်မှတ်ရသေးကြောင်း တွစ်တာတွင် တင်ပြခဲ့သည်။

Lei Jun က SU7 ဒီဇိုင်းနာများမှာ BMW နှင့် Mercedes Benz တို့တွင် လုပ်ငန်းအတွေ့အကြုံများရှိခဲ့ကြောင်း၊ မိမိတို့ SU7 စမ်းသပ်ထုတ်လုပ်နေသည့်ကာလ ၃ နှစ်ကျော်အတွင်း လျှပ်စစ်မော်တော်ကားများသည် တရုတ်နိုင်ငံ၏ ယှဉ်ပြိုင်မှုမြင့်မားသော ဈေးကွက်တစ်ခုဖြစ်ခဲ့ကြောင်း ၊ ပြည်တွင်းထုတ်လုပ်သူများက ၎င်းတို့ထုတ်ကုန်များကို အများနှင့်မတူစေရန် မြင့်မားသော နည်းပညာများဖြင့် ထုတ်လုပ်ခဲ့ကြကြောင်း၊ စမတ်ဖုန်းနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ချိတ်ဆက်အသုံးပြုသကဲ့သို့ SU7

ကိုလည်း လူ x အိမ် x ကား ပေါင်းစည်းအသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း၊ ရှောင်မီသည် ကိရိယာများအကြား သတင်းအချက်အလက် လုံခြုံစေရန် ကြိုးပမ်းအားထုတ်ထားပြီး ယာဉ်တိုက်မှုများအတွက် အမေရိကန်၏ လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများကို ကျော်လွန်နိုင်သည့် မော်တော်ယာဉ်ထုတ်လုပ်မှုဖြစ်ကြောင်း၊ ၎င်းတို့ မော်တော်ကားသည် iPhone၊ iPad၊ CarPlay နှင့် AirPlay တို့နှင့်လည်း အသုံးပြုနိုင်ကြောင်း ရှင်းလင်းခဲ့သည်။

စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ထုတ်ပြန်ချက်အရ စွမ်းအင်အသစ်များ အသုံးပြုသည့် မော်တော်ယာဉ်များအား ပေးအပ်သည့်အခွန်ကင်းလွတ်ခွင့်တွင် ရှောင်မီ၏ SU7 မော်ဒယ် ၂ ခု ပါဝင်ခဲ့သည်။ ဝန်ကြီးဌာနက SU7 ကို ကီလိုမီတာ ၆၂၈ မှ ၈၀၀ အတွင်း (မိုင် ၃၉၀ မှ ၅၀၀ အတွင်း) ဘက်ထရီကိုသာ အသုံးပြုမောင်းနှင်သည့် မော်တော်ယာဉ်များထဲတွင် ထည့်သွင်းထားပြီး ရှောင်မီကို အစိုးရပိုင် Biac Group ၏ လုပ်ငန်းခွဲတစ်ခုအဖြစ် သတ်မှတ်ထည့်သွင်းထားသည်။

မော်တော်ကားဈေးနှုန်းကို သတ်မှတ်ထားခြင်းမရှိသေး၍ ပြင်ပတွင် ယွမ် ၉၉,၀၀၀ မှ ၁၄၀,၀၀၀ ထိရှိမည်ဟု ခန့်မှန်းကြသော်လည်း Lei Jun က ဈေးနှုန်းချိုသာမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**Source: https://** www.cnbc.com

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%90%E1%80%

## အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းခွင့်တိုးမြှင့်မှုနှင့်အတူ ပဲစင်းငုံပေါက်ဈေးစံချိန်တင် ဈေးဖြစ်လာ



အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းခွင့်ကာလတိုးမြှင့်လိုက်တာနှင့်အတူ ပဲစင်းငုံပေါက်ဈေးမှာ စံချိန်တင်အမြင့်ဈေးဖြစ်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

၂၀၂၄ခုနှစ် အသစ်ဝင်ပဲစင်းငုံမှာ ဈေးကွက်အတွင်း အရောင်းအဝယ်ပေါက်ဈေးစံချိန်ဈေးမြင့်တက်လာပြီး ဈေးကွက်အတွင်း အဝင်ရှိသလောက် ဝယ်လိုအားကောင်းနေကြောင်း တရုတ်ကုန်သည်များ အဝယ်ကောင်းလာတာကြောင့်လည်း ဂျပန်နှမ်းဖြူတစ်အိတ်လျှင် ငွေကျပ် ၄,၀၀,၀၀၀ ထိ ပေါက်ဈေးဖြစ်လာ ကြောင်း ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အမျိုးအစားအလိုက် တစ်အိတ် ငွေကျပ် ၁၀,၀၀၀ ခန့် ဈေးမြင့်တက်လာသော်လည်း အခြားပဲမာလိုင်းများမှာ ယခင် သီတင်းပတ်အတိုင်း အပြောင်းအလဲသိပ်မရှိကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

"ပဲနှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးတွေဖြစ်နေတော့ အရောင်းအဝယ်က အကောင်းကြီးမဟုတ်ပေမယ့် ပုံမှန်သာ အရောင်းအဝယ်ရှိနေပါတယ်။ ပို့ကုန်ပဲတွေမှာ ပဲစင်းငုံကတော့ တစ်အိတ် ငွေကျပ် ၃,၃၅,၀၀၀ ထိပေါက်ဈေးဖြစ်လာပြီး စံချိန်တင်ဈေးဖြစ်လာပါတယ်။ မတ်ပဲလည်းဈေးကောင်းနေပေမဲ့ ပဲတီစိမ်းကတော့ ဈေးမတက်ပါဘူး။ တရုတ်လိုင်း အဝယ်ကောင်းနေလို့ နှမ်းမျိုးဈေးမှာလည်း အမျိုးအစားအလိုက် ဈေးကောင်းနေပါတယ်။ ပြည်တွင်းသုံး ကုလားပဲတွေကတော့ လက်ကျန်နည်းတာနဲ့ အသစ်မဝင်သေးတော့ ဈေးမြင့်တက်နေတာပါ။ အသစ်ဝင်ပဲတွေကတော့ မန္တလေးဈေးကွက်ထဲကို လမ်းပန်းဆက်သွယ်ရေးကောင်းကောင်းနဲ့ ဝင်လာနိုင်မှ ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်ကောင်းမှာပါ။ လက်ရှိမှာ တောင်သူတွေအနေနဲ့ ပွဲရုံတွေကို တင်ပို့စရိတ်လည်း မြင့်တက်နေပါတယ်"ဟု ၎င်းကပြောသည်။

ဇန်နဝါရီ ၁၁ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၉၀,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် စံချိန်တင်ပေါက်ဈေး ငွေကျပ် ၃,၃၅,၀၀၀ ပေါက်ဈေးရှိလာသည်။ ပဲတီစိမ်းအညာတစ်အိတ် လျှင် ငွေကျပ် ၁,၈၈,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပုံမှန်ဈေးသာရှိနေပြီး ဇန်နဝါရီ ၁၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃,၁၀,၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ် ၃,၁၂,၅၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈,၅၀,၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂,၉၀,၀၀၀ ပေါက်ဈေးဖြင့် ဈေးဆက်လက် မြင့်တက်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃,၈၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄,၄၅,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၄၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃,၃၅,၀၀၀၊ ကနေဒါစားတော်ပဲ

တစ်အိတ်လျှင် ငွေကျပ် ၂,၈၀,၀၀၀၊ မြေပဲအနီလုံး ဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၆၉၀၀-၇၀၀၀ ပေါက်ဈေး မြင့်တက်လာသည်။

ဇန်နဝါရီ ၁၁ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄,၀၀,၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၂,၉၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၁၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃,၈၅,၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (12.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,163 (Shares) | 8,137,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 252 | 2,192,400 | 33,109,694 | 288,054 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 545 | 1,545,750 | 38,929,150 | 109,002 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 1 | 7,900 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 162 | 243,300 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 150 | 375,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 1,041 | 2,029,950 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 5 | 23,500 | 10,497,598 | 49,339 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 12th Jan. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.71 | -1.03 | -0.28% | 365.37 | 365.37 | 363.71 | 3,163 | 8,137,450 | 8 | 686,025 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 3,163 (Shares) | 8,137,450 (MMK) |

### Main Board

As of 1:00 pm, 12th Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,163 (Shares) | 8,137,450 (MMK) |

| MYANPIX | 363.71 ▼ 1.03 |
|---|---|
| Total Volume (shares) | 3,163 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 686,025 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |

TIR